SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု ထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်

## ရှမ်းပြည်တောင်ပိုင်းကျေးသီးမြို့နယ်တွင် စစ်ကောင်စီတပ်သားသုံးဦးမှ နွားကျောင်းထွက်လာသည့် လယ်သမားအား ရိုက်နှက်ကာ လည်ပင်းအားဓါးဖြင့်ခုတ်မှုဖြစ်ပွား

ရှမ်းပြည်တောင်ပိုင်းကျေးသီးမြို့တွင် နွားကျောင်းထွက်လာသည့်လယ်သမားတစ်ဦးအား စစ်ကောင်စီတပ်သား သုံးဦးမှ ၎င်းတို့ စစ်တပ်စခန်းအနီးတွင် ရိုက်နှက်ကာ လယ်ပင်းအား ဓါးဖြင့်ခုတ်ကာ အကြမ်းဖက်နှိပ်စက်ခဲ့သည်။

၂၀၂၂ ခုနစ် ဩဂုတ်လ ၃၁ ရက်နေ့နေ့လည် ၁နာရီဝန်းကျင်တွင် မိုင်းနိမ်ကျေးရွာအုပ်စု နောင်ယုမ်းရွာမှ ဒေသခံ လုံးရွှေထွန်းသည် ကျေးရွာအနီးရှိ စားကျက်မြေတွင် လွှတ်ထားသော ၎င်းပိုင်ကျွဲ၊နွားများကိုစောင့်ကြည့်ရန် နေအိမ်မှ ကျေးရွာအပြင်ဘက်သို့ထွက်လာခဲ့သည်။ နောင်ယုံးကျေးရွာအပြင်ဘက် ကျေးရွာနှင့် မြန်မာစစ်တပ် ခလရ ၁၃၁ တပ်နယ်မြေ ထိစပ်သောနေရာအရောက်တွင် ခလရ ၁၃၁ တပ်ဝင်းထဲမှ စစ်ကောင်စီတပ်သား ၃ဦးတို့သည် မိမိပိုင်နွားများအား တပ်ဝင်းထဲမှနေ၍ သေနတ်ဖြင့်ပစ်ခတ်ရန်လုပ်နေကြသည်ကိုတွေ့ သဖြင့် လုံးရွှေထွန်းမှ ၎င်းတို့ကိုမပစ်ရန်သွားရောက်ပြောဆိုခဲ့သည်။



လုံးရွှေထွန်း

ထိုအခါ စစ်ကောင်စီတပ်သား ၃ ဦးသည် တပ်ဝင်းထဲမှထွက်လာပြီး လုံးရွှေထွန်းအား ”မင်းနွားတွေလား”ဟု မေး မြန်းရာ ဟုတ်မှန်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါစစ်ကောင်စီတပ်သားများသည် လုံးရွှေ ထွန်းအား ဒူး ထောက်ခိုင်းရာ ၎င်းမှဒူးမထောက်သဖြင့် ပိုင်းဝန်းကာ လက်သီးဖြင့်ထိုးခြင်း၊ သေနတ်ဒင်ဖြင့်ရိုင်ခြင်းများ ပြုလုပ် ခဲ့ကြပြီး နောက် စစ်ကောင်စီတပ်သားတစ်ယောက်သည် လုံးရွှေထွန်း၏ပလိုင်းအတွင်း ပါလာသော တောင်ယာ ခုတ်သည့်ဓါးဖြင့်လည်ပင်း ကိုလှီးဖြတ်ခဲ့သည်။ ထိုသို့ပြုလုပ်ပြီးနောက် ကျေးရွာသူရွာသား ၅ဦးခန့် ပိုင်းလာသဖြင့် စစ်ကောင်စီတပ်သားများသည် သေနတ်ဖောက်ကာ တပ်ဝင်းအတွင်းသို့ပြန်ဝင် ပြေးသွားခဲ့သည်။

လုံးရွှေထွန်းအား ကျေးရွာသူရွာသားများမှ ပိုင်းဂန်ဆေးရုံပို့ပေးခဲ့ကြပြီး လည်ပင်းမှဓါးခုတ်ဒဏ်ရာမှအချက် ၃၀ ချုပ်ခဲ့ရပြီးကျေးသီးဆေးရုံ၌အတွင်းလူနာအဖြစ်ဆေးကုသမှုခံယူနေရသည်။

အခင်းဖြစ်ပွားပြီးနောက်ညနေတွင် ခလရ ၁၃၁ တပ်မှ ဗိုလ်မှူးတစ်ဦးပါဝင်သော တာဝန်ရှိသူများသည် ကျေးသီး ဆေး ရုံသို့ရောက်ရှိလာကာ ဓါးဖြင့်ခုတ်သောစစ်ကောင်စီတပ်သားများကိုထိန်းသိမ်းထားပြီး အရေးယူသွား မည်ဖြစ်ကြောင်း နှင့် ဖြစ်စဥ်ဓာတ်ပုံများကို social media တွင်မတင်ရန်ပြောဆိုခဲ့သော်လည်း ဆေးကု သမှုစရိတ်အတွက် ငွေကြေးတစ်စုံတစ်ရာမှတာဝန်ယူခဲ့ခြင်းမရှိသကဲ့သို့ အမှန်တကယ်အရေးယူမှုပြုလုပ် ခြင်း ရှိမ ရှိကို မည်သူ မှမသိရပေ။

အသက် ၄၇ နှစ်အရွယ် လုံးရွှေထွန်းသည် သားသမီးနှစ်ယောက်ဖခင် မုဆိုးဖိုတစ်ဦးဖြစ်ပြီး တောင်ယာ လုပ်ငန်း လုပ်ကိုင်ကာ သားဖြစ်သူနှင့်အတူနေထိုင်သည်။ မိသားစုစားဝတ်နေရေးကို ၄င်းမှတာဝန်ယူထားရသူဖြစ်ရာ ယခုကဲ့သို့ အကြမ်းဖက်ခံရပြီးနောက် ဆေးကုသရန်နှင့် စားဝတ်နေရေးတို့မှာ အခက်အခဲကြုံတွေ့နေရသည်။

ဓါးဖြင့်ခုတ်သော စစ်ကောင်စီတပ်သားများမှာ မိုင်းနောင်မြို့ရှိ အမှတ် ၂ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် လက်အောက် ခလရ ၁၃၁ မှတပ်သားများဖြစ်ကြသည်။

ကျေးသီးမြို့နယ်တွင် စစ်ကောင်စီတပ်သားများမှ နွားကျောင်းထွက်လာသည့်လယ်သမားအား ရိုက်နှက်သည့်နေရာ



## ဆက်သွယ်ရန်


စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းဆန်လွယ် +66: 88 680 4913 (ရှမ်း၊ မြန်မာ)

ယိင်းလျှန်းဟန် +66 62 569 5220 (မြန်မာ)